السنّة النبوية وعلومها
www.sunnah.global

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ စဂ်ျဒဟ်ထဲတွင် ဤဒုအာကို ရွတ်ဆိုလေ့ရှိသည် - **«اللهُمَّ اغْفِرْ لِي ذَنْبِي كُلَّهُ دِقَّهُ، وَجِلَّهُ، وَأَوَّلَهُ وَآخِرَهُ وَعَلَانِيَتَهُ وَسِرَّهُ».** (ုိအ- အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ကြီးသောအပြစ်၊ သေးသောအပြစ်၊ ရှေ့တွင်ဖြစ်ခဲ့သောအပြစ်နှင့်၊ နောက်တွင်ဖြစ်လာမည့်အပြစ်၊ လူသိရှင်ကြားပြုမိသောအပြစ်နှင့် လျှို့ဝှက်စွာပြုမိ သောအပြစ် စသည့်အပြစ်ဂုနဟ်များအားလုံးကို ခွင့်လွှတ်တော်မူပါ "။)

အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည် "အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ စဂ်ျဒဟ်ထဲတွင် ဤဒုအာကို ရွတ်ဆိုလေ့ရှိသည် - «اللهُمَّ اغْفِرْ لِي ذَنْبِي كُلَّهُ دِقَّهُ، وَجِلَّهُ، وَأَوَّلَهُ وَآخِرَهُ وَعَلَانِيَتَهُ وَسِرَّهُ». (ုိအ- အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ကြီးသောအပြစ်၊ သေးသောအပြစ်၊ ရှေ့တွင်ဖြစ်ခဲ့သောအပြစ်နှင့်၊ နောက်တွင်ဖြစ်လာမည့်အပြစ်၊ လူသိရှင်ကြားပြုမိသောအပြစ်နှင့် လျှို့ဝှက်စွာပြုမိ သောအပြစ် စသည့်အပြစ်ဂုနဟ်များအားလုံးကို ခွင့်လွှတ်တော်မူပါ "။)

[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ စဂ်ျဒဟ်ထဲတွင် ဤဒုအာကို ရွတ်ဆိုလေ့ရှိသည် - (اللهُمَّ اغْفِرْ لِي ذَنْبِي) "အလ္လာဟုမ္မဂ်ဖိရ်လီ ဇမ်ဘီ " အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ တစ်နည်း အပြစ်များကို ဖုံးကွယ်ပေးတော်မူပြီး ၎င်း၏ အကျိုးဆက်ဘေးမှ ကာကွယ်တော်မူပါ၊ သည်းခံတော်မူပါ၊ မျက်နှာလွှဲတော်မူပါဟု ဆိုလိုသည်။ (كُلَّهُ)"ကုလ္လဟူ " ဆိုသည်မှာ အပြစ်အားလုံးဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ (دِقَّهُ) "ဒိက္ကဟု -ဟု" ခေါ်သော အသေးအဖွဲ့နှင့် အနည်းငယ်မျှသောအပြစ်၊ (وَجِلَّهُ)"ဝဂျိလ္လဟူ -ဟု" ခေါ်သော ကြီးလေးသေ၊ များပြားလှသောအပြစ်၊ (وَأَوَّلَهُ)" အောင်ဝ်ဝလဟူ" ဟု ခေါ်သော ရှေးဦးစွာ ကျူးလွန်ခဲ့သော အပြစ်၊ (وَآخِرَهُ) "ဝအာခိရဟူ-ဟု" ခေါ်သော နောက်ဆုံးကျူးလွန်ခဲ့သောအပြစ်နှင့် ကြားတွင်ကျူးလွန်ခဲ့သောအပြစ်၊ (عَلَانِيَتَهُ وَسِرَّه) "အလာနိယသဟူ ဝ စိရ်ရဟူ" ဟု ခေါ်သော လူသိရှင်ကြား ကျူးလွန်ခဲ့သော အပြစ်များ နှင့် လျှို့ဝှက်စွာ ကျူးလွန်ခဲ့သော အပြစ်များ၊ အရှင်မြတ်မှတစ်ပါး မည်သူမျှ မသိနိုင်သော အပြစ်များ အားလုံးကို လွှတ်တော်မူပါဟု ဆိုလိုသည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee